**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (051/2010)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၅၁/၂၀၁၀)

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၀၉) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့အထိ

နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်

- ကရင်ပြည်နယ် မြဝတီမြို့တောင်ဘက် ဖလူးဒေသအနီးတွင်ရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA** ၏ တဲ့ကိုကျိုးစခန်းကို ဇန်နဝါရီလ ၉ ရက်နေ့မနက်ပိုင်းမှစ၍ နအဖစစ်တပ်ဘက်မှ အပြင်းအထန် တိုက်ခိုက်လာနေကြောင်း **DKBA** တပ်မှူး ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။ **(BBC 090111)** Read More...
- စစ်အစိုးရသည် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်း အမျိုးသားတိုင်းနှင့် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသမီးတိုင်း ၂ နှစ်မှ ၃ နှစ်အထိ စစ်မှုမထမ်းမနေရ အမိန့်ကို လွန်ခဲ့သည့် ဒီဇင်ဘာလ ၁၇ ရက်နေ့က ဥပဒေအဖြစ် လျှို့ဝှက်ပြဋ္ဌာန်းခဲ့သည်ဟု **NHK** ဂျပန်ရုပ်သံတသင်းဌာနက စစ်အစိုးရ၏ တရားဝင် နိုင်ငံတော်ပြန်တမ်း အထောက်အထားကို ကိုးကား၍ ဖော်ပြထားသည်။ **(DVB 090111)** Read More...
- ရွေးကောက်ပွဲအပြီး ပထမဆုံး လွှတ်တော်အစည်းအဝေးများကို ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ခေါ်ယူမည်ဟု စစ်အစိုးရက ဇန်နဝါရီလ ၉ ရက်နေ့က ကြေညာလိုက်သည်။ **(Mizzima 100111)** Read More...
- ပြည်သူ့လွှတ်တော် အစည်းအဝေး၊ အမျိုးသား လွှတ်တော် အစည်းအဝေးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် အစည်းအဝေးများကို ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပတော့မည်ဖြစ်သည့်အတွက် လေ့လာဖတ်ရှုနိုင်ရန် ဥပဒေ၊ နည်းဥပဒေ စာအုပ် ၁၇ မျိုး ကို ဇန်နဝါရီလ ၁၁ ရက်နေ့မှစ၍ ရောင်းချပေးနေပြီဖြစ်ကြောင်း အစိုးရသတင်းစာများတွင် ဖော်ပြထားသည်။ **(Irrawaddy 110111)** Read More...
- ကရင်ပြည်နယ်ဘက်သို့ စစ်ကူသွားရန် ထွက်ခွာနေသော ရခိုင်ပြည်နယ်အခြေစိုက် စစ်အစိုးရ တပ်တပ်ရင်းများသည် ကျောက်တော်၊ မြောက်ဦးနှင့် စစ်တွေမြို့နယ်များမှ တပ်ရင်းများဖြစ်ပြီး တပ်ရင်း (၁) ရင်းစီတွင် အင်အား ၁၀၀ နှင့် ၂၀၀ အကြားရှိကြောင်း စစ်တပ်မိသားစုနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(Narinjara 120111)** Read More...
- မြန်မနိုင်ငံတွင် စစ်မှုမထမ်းမနေရအမိန့်ကို ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် တရားဝင်ကြေညာခြင်းမရှိ ထုတ်ပြန်ပြီး နောက်ပိုင်း ရောဝတီတိုင်း ငပြေမကျေးရွာအုပ်စုနှင့် ပေါင်းတည်ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက အသက် (၁၈) ကနေ (၄၅) နှစ်အတွင်း လူငယ်များကို ဆင့်ခေါ်ပြီး စစ်မှုထမ်းရန် စည်းရုံးပြောဆိုမှုများ၊ ခြိမ်းခြောက်မှုများ ရှိနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **(BBC 120111)** Read More...

၂၀

**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- ကရင်ပြည်နယ်အတွင်း တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** နှင့် နအဖတပ်များ ဖြစ်ပွားနေသည့် တိုက်ပွဲများ၌ နအဖတပ်က အကျဉ်းသားပေါ်တာများကို လူသား မိုင်းရှင်းကိရိယာအဖြစ် အသုံးပြုနေ ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း **(AAPP)** တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်က ပြောသည်။ **(Irrawaddy 120111)** [Read More...]
- ဒုဗိုလ်ချုပ်မှူးကြီး မောင်အေး နေပြည်တော်ရှိ အစိုးရပိုင် နေအိမ်မှ ပြောင်းရွှေ့ရန် ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟူသော သတင်းများကြောင့် လာမည့် အစိုးရ အဖွဲ့အသစ်တွင် ပါဝင်တော့မည် မဟုတ်ဟု စစ်အစိုးရ အသိုင်းအဝန်းက ထင်ကြေးပေး ပြောဆိုနေကြသည်။ **(Irrawaddy 120111)** [Read More...]
- မွန်ပြည်နယ်အတွက် ပြည်နယ်လွှတ်တော်ရုံးကို မော်လမြိုင်မြို့ရှိ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ပယက) ရုံးနေရာမှာ ထားရှိမည်ဖြစ်ကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP** ဥက္ကဌ နိုင်ငွေသိန်းက ပြောသည်။ **(IMNA 130111)** [Read More...]
- နောက်တက်မည့် အစိုးရအဖွဲ့တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သမ္မတအဖြစ် တာဝန်ယူမည်ဖြစ်ပြီး ဒု–သမ္မတနေရာအတွက် အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးဟောင်း သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ပြည်ထောင်စု လွှတ်တော် ဥက္ကဋ္ဌနေရာတွင် ဗိုလ်ချုပ်ကြီးဟောင်း ဦးရွှေမန်း၊ လက်ရှိ ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** ၏ ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရှိနေမည်ဟု ပြောဆိုမှုများ ရှိနေသည်။ **(Irrawaddy 140111)** [Read More...]

## ရွေးကောက်ပွဲကော်မရှင်

- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်အတွက် နေပြည်တော်ကို လာရောက် သတင်းပေးပို့ကြရန် ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်က သတင်းထုတ်ပြန်လိုက်ကြောင်း ဇန်နဝါရီ ၁၂ ရက်နေ့ထုတ် အစိုးရပိုင် သတင်းစာများတွင် ဖော်ပြထားသည်။ **(DVB 120111)** [Read More...]

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

- ပြည်တောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်များဖြစ်သော ပြည်သူ့လွှတ်တော် ဦးအံ့ကြည်၊ တိုင်းဒေသကြီး ဦးအေးစိုးတို့ပါဝင်ဦးစီးသော တံတားကော်မတီအဖွဲ့က ပဲခူးတိုင်း သနပ်ပင်မြို့ကို ဖြတ်သန်းသွားသည့် စစ်တောင်း တူးမြောင်းဖြတ် တံတားအပေါ်တွင် လူ၊ ဆိုင်ကယ်နှင့် ကားများ၏ ဖြတ်သန်းခများအားလုံးကို မပေးမနေရ ကောက်ခံနေပြီး မရရှိပါက လူမိုက်ခေါ်ရိုက်နှက်ဆဲဆိုမှုများ ပြုလုပ်ခိုင်းနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **(DVB 090111)** [Read More...]
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** က သာသနနုဂ္ဂဟ အသင်းအမည်ဖြင့် ဘာသာရေးအသင်း တည်ထောင်လိုက်ခြင်းသည် ဘာသာရေးကို အသုံးချပြီး နိုင်ငံရေးအရ လူထုထောက်ခံမှုရရှိရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု သံဃာတော်များနှင့် နိုင်ငံရေးပါတီ ခေါင်းဆောင်များက ဝေဖန်ပြောဆိုလိုက်သည်။ **(Irrawaddy 130111)** [Read More...]

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ဒေါ်အောင်ဆန်းစုကြည်က ဇန်နဝါရီ ၁၀ ရက်နေ့တွင် အမျိုးသာ ဒီမိုကရေစီအဖွဲ့ချုပ် **NLD** (ချင်းပြည်နယ်) ဥက္ကဋ္ဌ ပူးဗာလီယာန်းကို တွေ့ဆုံပြီး လွန်ခဲ့သည့် ၂၀၀၈–၂၀၀၉ ခုနှစ်များမှ ချင်းပြည်နယ်အတွင်း ကြွက်များ သောင်းကျန်းဖျက်ဆီးမှုကြောင့် စားနပ်ရိက္ခာ ရှားပါးသောဒေသများကို ဆန်အကူအညီပေးမည်ဟု ပြောဆိုလိုက်သည်။ **(RFA 100111)** [Read More...]



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးအကျဉ်းသား ကိုမျိုးရန်နောင်သိန်း ဦးဆောင်တဲ့ အမျိုးသားလူငယ် ကွန်ရက အဖွဲ့က **NLD** ရုံးချုပ်တွင် လာရောက် တွေ့ဆုံခဲ့ကာ အားလုံးကိုယ်စားပြုနိုင်သည့် ကွန်ယက် တစ်ခုဖြစ်လာရန် ဆွေးနွေးခဲ့ကြောင်း ဆွေးနွေးပွဲတက်ရောက်ခဲ့သူ **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်က ပြောသည်။ **(RFA 120111)** [Read More...]
- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် **(NLD)** ၏ လူမှုအထောက် အကူပြုအဖွဲ့မှ ကူညီဆောင်ရွက် ပေးနေသော **HIV/AIDS** ဝေဒနာရှင်များအား ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့များက အာရုံစိုက်မှု ပိုမိုများလာကြောင်း ဝေဒနာသည်များအား ဦးဆောင်ကူညီပေးနေသူ မဖြူဖြူသင်းက ပြောသည်။ **(Irrawaddy 130111)** [Read More...]
- **NLD** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တရားဝင်ပါတီအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် နောက်ဆုံး အထူးအယူခံလွှာကို ကြားနာရန် နေပြည်တော် တရားရုံးချုပ်က ဇန်နဝါရီလ ၁၃ ရက်နေ့က လက်ခံလိုက်ပြီဖြစ်ကြောင်း အကျိုးဆောင် ရှေ့နေကြီး ဦးဉာဏ်ဝင်းက ပြောသည်။ **(VOA 130111)** [Read More...]
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဇိုမီးအမျိုးသား ကွန်ဂရက်က ဥက္ကဋ္ဌ ပူကျင်ရှင်းထန်နှင့် နယ်မှ ရောက်ရှိလာသည့် ဇိုမီးလူငယ် ကိုယ်စားလှယ်များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်တွင် လာ ရောက် တွေ့ဆုံခဲ့ရာ ချင်းပြည်နယ်အခြေအနေများနှင့် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း ဒုတိယ ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(RFA 130111)** [Read More...]
- ပြည်တွင်း လူငယ်အစုအဖွဲ့များအနက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်၏ ဗမာတနိုင်ငံလုံးဆိုင်ရာ လူမှုရေး လူငယ်ကွန်ယက် **The Whole Burma Social Youth Network SYN** ၊ ကျောင်းသားခေါင်းဆောင် ကိုမျိုးရန်နောင်သိန်း နှင့် ပါတီအချို့မှ လူငယ်များပါဝင်သည့် အမျိုးသားလူငယ်ကွန်ယက် **National Youth Network-NYN** နှင့် ပြည်ပ အခြေစိုက် မြန်မာနိုင်ငံသားများဆိုင်ရာ နိုင်ငံတကာလူမှုကွန်ယက် **International Network for Burma** တို့အကြား လက်တွေ့ ပူးပေါင်းဆောင်ရွက်ရာတွင် တခုနှင့်တခု ချိတ်ဆက်မှု အားနည်းနေသေးသည်ဟု ကွန်ယက်အဖွဲ့ဝင်များကဆိုသည်။ **(Mizzima 140111)** [Read More...]

## (ခ) နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ

- အရွယ်ရောက်သူတိုင်း စစ်မှုမထမ်းမနေရ ဥပဒေကို စစ်အစိုးရက ပြဋ္ဌာန်းလိုက်သည့် ဥပဒေနှင့်ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်တွေ့ကျင့်သုံးမည့် အစိုးရသစ် မပေါ်ပေါက်ခင် ယခုကဲ့သို့ လုပ်ဆောင်လိုက်ခြင်းသည် ဥပဒေချိုးဖောက်မှုတစ်ရပ်ဖြစ်ကြောင်း ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အင်အားစု **(NDD)** ၏ သုတေသနမှူး ဦးဌေးအောင်က ပြောသည်။ **(VOA 090111)** [Read More...]
- နအဖအစိုးရမှ ပြဋ္ဌာန်းလိုက်သော ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အတူ ပူးတွဲပါရှိသည့် အရန်တပ်ဖွဲ့ဥပဒေသည် အငြိမ်းစားယူမည့် စစ်အရာရှိကြီးများကို စစ်တပ်ရာထူးမှ ပယ်ဖျက်ခြင်းမပြုနိုင်ရန် လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရှေ့နေများကောင်စီ အတွင်းရေးမှူး ဦးအောင်ထူးက ပြောသည်။ **(BBC 120111)** [Read More...]
- မကြာမီ မြန်မာနိုင်ငံတွင် ပေါ်ထွန်းလာမည့် အစိုးရသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ "က" ကြိုးအတိုင်း "က" ရမည့် ပါလီ မန် အရေခြုံ စစ်အာဏာရှင်စနစ် ဖြစ်မည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး **ABSDF** ဥက္ကဋ္ဌ ရဲဘော်သံခဲက ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြောကြားလိုက်သည်။ **(S.H.A.N 130111)** [Read More...]
- မြန်မာနိုင်ငံတွင် အသက် ပြည့်ပြီးသူတိုင်း စစ်မှုထမ်းရန် ပြည်သူ့စစ်မှုထမ်း ဥပဒေကို စစ်အစိုးရက ပြဋ္ဌာန်းလိုက်သည့် အပေါ် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ **DPNS** က ကန့်ကွက်ကြောင်း ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကြေညာချက် တစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA 130111)** [Read More...]
- တိုင်းရင်းသား လူမျိုးစုများကို ကိုယ်စားပြုသည့် ညီလာခံတရပ် အမြန်ဆုံး ခေါ်ယူကျင်းပနိုင်ရေးအတွက် နယ်စပ်ဒေသများတွင် ရှိသည့် တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များနှင့် စစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲထားကြသည့် တိုင်းရင်းသား ခေါင်းဆောင်များသည် ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် ဇန်ဝါရီလ ၁၁ ရက်နေ့မှစတင်ကာ ၁၄



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

ရက်နေ့ထိ ၄ ရက်ကြာ ထံမံတွေ့ဆုံဆွေးနွေးခဲ့သည်ဟု ဖက်ဒရယ် ပြည်တောင်စု ပေါ်ထွန်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးရွှေမျိုးသန့်က ပြောသည်။ **(RFA 140111)** **Read More...**

- နယ်စပ်အခြေစိုက် တိုင်းရင်းသားအဖွဲ့များနှင့် နိုင်ငံရေးအင်အားစုများ ဖွဲ့စည်းထားသည့် ဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီက လက်ရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA** နှင့် နအဖအကြား ဖြစ်ပွားသည့် တိုက်ပွဲများရပ်တန့်ရန် နအဖကို တောင်းဆိုလိုက်သည်။ **(DVB 150111)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- ကရင်ပြည်နယ် မြဝတီခရိုင် ဖလူးဒေသ၌ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **(DKBA)** နှင့် နအဖ တပ်ဖွဲ့များအကြား ယနေ့ဖြစ်ပွားသည့် တိုက်ပွဲတွင် ထိုင်းနိုင်ငံဘက်သို့ လက်နက်ကြီးကျည်များ ထပ်မံ ကျရောက်ပေါက်ကွဲသဖြင့် ထိုင်းစစ်တပ်က နယ်စပ်လုံခြုံရေး တိုးမြှင့်ထားလိုက်သည်။ **(Irrawaddy 100111)** **Read More...**, **Mizzima...**
- မွန်ပြည်သစ်ပါတီမှ ခွဲထွက်ခဲ့သည့် လက်နက်ကိုင်အဖွဲ့ တဖွဲ့ဖြစ်သည့် မွန်အမျိုးသား ကာကွယ်ရေးတပ်မတော် **MNDA** မှ အင်အား ၃၀ ကျော်ခန့်သည် ဇန်နဝါရီလဆန်းပိုင်းက မွန်ပြည်သစ်ပါတီ **NMSP** နှင့် ပြန်လည်ပူးပေါင်းခဲ့ကြောင်း **NMSP** ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်တလညီက ပြောသည်။ **(Mizzima 110111)** **Read More...**
- ကချင်လွတ်လပ်ရေးတပ်မတော် **KIA** တပ်မဟာ ၄ ဒေသ အတွက် လိုအပ်သည့် စားနပ်ရိက္ခာများ ဝယ်ယူ စုဆောင်းနေသော လမ်းကြောင်းများကို နအဖ အစိုးရက တင်းတင်းကျပ်ကျပ် ရှာဖွေကန့်သတ် တားဆီးမှုများ ပြုလုပ်နေသောကြောင့် **KIA** နှင့် ဒေသခံများ စားနပ်ရိက္ခာ ရရှိရေးအတွက် အခက်အခဲရှိကြောင်း **KIA** အရာရှိတစ်ဦးကပြောသည်။ **(BBC 140111)** **Read More...**
- နအဖ စကခ (၅)လက်အောက်ခံ တပ်ရင်းများသည် စစ်လက်နက်ပစ္စည်းများ၊ ရိက္ခာများနှင့်အတူ ဇန်နဝါရီလ ၁၂ ရက်နေ့က စစ် ကားအစီး (၄၄) စီးဖြင့် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့သို့ ရောက်ရှိလာခဲ့သလို ကော့ကရိတ်မြို့နယ်အတွင်း၌လည်း စစ် ကား ၁၅ စီးဖြင့် ဝင်ရောက်လှုပ်ရှားလာသည်ဟု ဒေသခံများက ပြောသည်။ **(KIC 140111)** **Read More...**

### နယ်ခြားစောင့်တပ် (သို့) ပြည်သူ့စစ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ကရင်ပြည်နယ် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်အတွင်း ရွာပေါင်း ၃၀ကျော်ရှိသော ကျေးရွာအုပ်စု ၃ခုမှ ဒေသခံ အရပ်သား ၄၀၀ ခန့်အား နအဖ စစ်တပ်ရိက္ခာကို ထမ်းပေးရန်အတွက် နယ်ခြားစောင့်တပ် - **BGF** (၁၀၁၃) တပ်ရင်းမှ ရွာသူကြီးများထံမှ ဇန်နဝါရီလ ၇ရက်နေ့မှစတင်ကာ အဓမ္မတောင်းခံနေဆဲဖြစ်ပြီး လက်ရှိတွင် ပေါ်တာအထမ်းသမား ၂၀၀ ခန့် စုဆောင်းရရှိထားသည်ဟု ဖာပွန်ခရိုင်မှ ကရင်အမျိုးသားအစည်းအရုံး **KNU** တပ်မဟာ (၅) ရုံးထိုင်မှူး ဗိုလ်မှူး စောကလယ်ဒို့က ပြောသည်။ **(KIC 140111)** **Read More...**

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** မှ ကိုယ်စားလှယ် ဦးလှမောင်သိန်းကို ပြိုင်ဘက်ပြည်တောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က တရားစွဲဆိုပြီးနောက် တပတ်အကြာတွင် နောက်ထပ် ကိုယ်စားလှယ် ၈ ဦးဖြစ်သော ဦးကျော်ထွန်းအောင်၊ ဦးအောင်ကျော်ဇံ၊ ဦးမောင်ကျော်သိန်း၊ ဦးမောင်ဖေသန်း၊ ဦးအောင်ဝင်း၊ ဦးမောင်လုံး၊ ဦးအုန်းတင်



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

နှင့် ဦးကျော်လွင်တို့ကို ထပ်မံတရားစွဲဆို ခံလိုက်သည်ဟု ပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က ပြောသည်။ **(RFA 090111)** [Read More...]

- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** မှ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရန်ကုန်တိုင်း အလုံမြို့ ကွင်းချောင်းလမ်းရှိ ပါတီရုံးချုပ်တွင် အစည်းအဝေးကျင်းပခဲ့ရာ တိုင်း/ပြည်နယ်များမှ လာရောက်သည့် ကိုယ်စားလှယ် ၅၀ ထဲမှ ဗဟို အလုပ်အမှုဆောင် **CEC** အဖွဲ့ဝင် ၁၅ ဦးကို မဲပေးရွေးချယ်ပြီး ထိုအထဲမှ ဒေါက်တာသန်းငြိမ်းကို ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခဲ့ သည်။ **(Mizzima 100111)** [Read More...]
- ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **(SNDP)** သည် ဇန်နဝါရီ ၃၁ နေ့တွင် ခေါ်ယူမည့် လွှတ်တော်အတွင်း၌ ပါတီ၏ အဓိက တင်ပြမည့် အကြောင်းအရာများနှင့် ပက်သက်၍ ပြင်ဆင်ရန်အတွက် ဆွေးနွေးပွဲတစ်ရပ်ကို ဇန်နဝါရီ ၇ ရက်မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်သော အနိုင်ရလွှတ်တော်အမတ် ၄၃ ဦး တက်ရောက်နေသည်။ **(S.H.A.N 100111)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စု ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ သစ် ဦးသိန်းတင်အောင်၊ အထွေထွေအတွင်းရေး မှူး ဦးသောင်းဝင်း၊ ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးကိုကိုကြီးတို့က သွားရောက်တွေ့ဆုံစဉ် နိုင်ငံတကာမှ မြန်မာနိုင်ငံ အပေါ် စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခက်မှုများ ပြုလုပ်နေခြင်းနှင့်ပတ်သက်၍ အဓိကထား တင်ပြဆွေးနွေးခဲ့သည်ဟု ဦးသိန်းတင်အောင်က ပြောသည်။ **(DVB 100111)** [Read More...]
- စစ်အစိုးရ ဦးဆောင်၍ နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံး အကြိမ် ခေါ်ယူတော့မည့် လွှတ်တော် အသီးသီးအတွက် ဆွေးနွေးမည့်အကြောင်း အရာများကို မစီစဉ်ရ သေးကြောင်း တိုင်းရင်းသား နိုင်ငံရေးပါတီခေါင်းဆောင်များက ပြောသည်။ **(Irrawaddy 110111)** [Read More...]
- ရှုံးနိမ့်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အမတ်လောင်း ဦးရဲအောင်က ဒီမိုကရက်တစ်ပါတီ (မြန်မာ) ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်မြေ အမှတ် ၂ မှ အနိုင်ရ ကိုယ်စားလှယ် ဒေါက်တာ ညွှိညွှိသင်းကို ဥပဒေချိုးဖောက်မှုဖြင့် တရားစွဲဆိုလိုက်သည်။ **(BBC 120111)** [Read More...]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ် စာရေးဆရာတက္ကသိုလ် မြတ်သူက အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ **NDF** မှ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ကို ရွေးကောက်ပွဲ မသမာမှုဖြင့် တရားစွဲဆိုလိုက်သည်ဟု **NDF** ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(RFA 120111)** [Read More...]
- စစ်အစိုးရမှ အသစ်ထုတ်ပြန်လိုက်သည့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေသစ်များထဲတွင် လွှတ်တော်ရေးရာ ကော်မတီများ ဖွဲ့စည်းရေးကိစ္စကို ဖော်ပြထားပြီး ကိုယ်စားလှယ် တဦးချင်းစီအနေဖြင့် ကော်မတီ၏ လုပ်ငန်းရပ်များကို မေးခွန်းပြန်ထုတ်ခွင့်ရှိကြောင်း ဖော်ပြထားသော်လည်း လက်တွေ့တွင် အကော်အထည်ဖော်နိုင်ခြင်း ရှိမရှိကို စောင့်ကြည့်ရအုံးမည်ဟု အမျိုးသားဒီမိုကရေစီအင်အားစု **NDF** မှ ခေါင်းဆောင်တဦးဖြစ်သူ ဦးခင်မောင်ဆွေက ပြောသည်။ **(VOA 120111)** [Read More...]
- ပြည်သူ့အကျိုးစီးပွားအတွက် ဂိုဏ်းဂနမရှိဘဲမည်သူနှင့်မဆို မဟာမိတ်အဖြစ် ပူးပေါင်းဆောင်ရွက်သွားမည်ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဇန်နဝါရီ ၁၃ ရက်နေ့တွင် ကမ်းလှမ်းလိုက်သည်ဟု တစညပါတီပြောခွင့်ရ ပုဂ္ဂိုလ် ဦးဟန်ရွှေက ပြောသည်။ **(Mizzima 130111)** [Read More...]
- ချင်းပြည်နယ် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ချင်းစာပေ ကျောင်းတွင် သင်ကြားနိုင်ရေးအတွက် လွှတ်တော်တွင် တင်ပြရန် မူကြမ်းရေးဆွဲပြီးပြီဟု ချင်းအမျိုးသားပါတီ **CNP** ဥက္ကဋ္ဌ ပူးဇူဇမ်းက ပြောသည်။ **(Mizzima 130111)** [Read More...]
- တိုင်းရင်းသားပါတီ ၂ ခုဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **(SNDP)** နှင့် ချင်းအမျိုးသားပါတီတို့က ပါလီမန်အတွက် ပြင်ဆင်နေကြပြီး ဒု–သမ္မတနှင့် ပြည်နယ်ဝန်ကြီးချုပ် နေရာများအတွက် မျှော်လင့်နေသည်ဟု ပြောဆိုလိုက်သည်။ **(DVB 130111)** [Read More...]
- နိုင်ငံပိုင်လုပ်ငန်းများ ပုဂ္ဂလိကပိုင် လွှဲပြောင်းခြင်းကို ထောက်ခံသော်လည်း လွှဲပြောင်းရာတွင် ဘက်မလိုက်ရန် တိုင်းရင်းသား စည်းလုံးရေးပါတီ (တစည) ပြောခွင့်ရပုဂ္ဂိုလ် ဦးဟန်ရွှေက ပြောကြားလိုက်သည်။ **(Mizzima 140111)** [Read More...]



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- ဇန်နဝါရီ ၃၁ ရက်နေ့ ခေါ်ယူမည့်လွှတ်တော်မှ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသား ခေါင်းဆောင်တဦးဦးကို ဒုသမ္မတအဖြစ် ရွေးချယ်ကြရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ချင်းအမျိုးသား တိုးတက်ရေးပါတီ၏ ဥက္ကဋ္ဌ ပူးဇာဇမ်က ပန်ကြားလိုက်သည်။ **(VOA 140111)** [**Read More...**]
- ၂၀၁၀ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာပြည်နယ် အသီးသီးမှ လွှတ်တော်သုံးရပ်တွင် အနိုင်ရခဲ့သည့် တိုင်းရင်းသား ပါတီ (၅) ခုဖြစ်သော ညီနောင်တိုင်းရင်းသား ပါတီများ **Nationalities Brotherhood Forum (NBF)** အဖွဲ့ကို ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ်ရှိ ရှမ်း–ကျား‌ဖြူပါတီ ခေါ် **SNDP** ရုံးတွင် ရခိုင်တိုင်းရင်းသား တိုးတက်ရေးပါတီ **RNDP**၊ ချင်းအမျိုးသားပါတီ **CNP**၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ **AMRDP** တို့မှ ပါတီခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်များ တက်ရောက်ပြီး သဘောတူ ဖွဲ့စည်းလိုက်သည်။ **(RFA 150111)** [**Read More...**]
- ဇန်နဝါရီလ ၃၁ ရက်နေ့ နေပြည်တော်တွင် လွှတ်တော်အစည်းအဝေးများ ကျင်းပသည့်အခါ နိုင်ငံရေး အကျဉ်းသား အားလုံး လွတ်ပေးရန်အတွက် လွှတ်ငြိမ်းချမ်းသာခွင့်ကိစ္စကို ဦးစားပေး တောင်းဆိုသွားမည်ဖြစ်ကြောင်း အမျိုးသား ဒီမိုကရေစီအင်အားစု **(NDF)** ပါတီက ပြောဆိုလိုက်သည်။ **(VOA 150111)** [**Read More...**]

## ရွေးကောက်ပွဲဝင်ပြိုင်ခဲ့သည့် တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များ

- နိုဝင်ဘာလ ရွေးကောက်ပွဲတွင် တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအဖြစ် ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒေါက်တာစောနိုင်နှင့် မြို့နယ်အတွင်းက လူငယ်များသည် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်မှ ဖွင့်လှစ်ထားသော **HIV/AIDS** လူနာဂေဟာကို ဇန်နဝါရီလ ၉ ရက်နေ့တွင် သွားရောက်ငွေလှူဒါန်းခဲ့ကြသည်။ **(RFA 090111)** [**Read More...**]

## မီဒီယာအခန်းကဏ္ဍ

- နိုင်ငံတွင်း သတင်းဂျာနယ်အသီးသီးမှ သတင်းထောက်များကို အကာအကွယ် အကူအညီပေးရန် ရည်ရွယ်ခြင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် သတင်းဂျာနယ် အယ်ဒီတာများစုစည်း၍ **Committee for Professional Conduct** အမည်ပေးထားသည့် ကော်မတီတရပ် ဖွဲ့စည်းနိုင်ရန် စတင်ကြိုးပမ်း နေသည်ဟု စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးဖြစ်သူ ကိုကို (စက်မှုတက္ကသိုလ်)က ပြောသည်။ **(VOA 090111)** [**Read More...**]
- **Committee for Professional Conduct (CPC)** ဂျာနယ်ကိုယ်စားပြု ကော်မတီ၏ ဇန်နဝါရီ ၁၃ ရက်နေ့ အစည်း အဝေးပြီးနောက် အဖွဲ့ဝင် **Eleven Media Group** အနေဖြင့် အဆိုပါကော်မတီမှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ပြီး စာပေးစိစစ်ရေးထံ တင်ပြလိုက်သည်ဟု အစည်းအဝေးတက်ရောက်ခဲ့သူ ဒေါက်တာသိန်းမြင့် **(Managing Editor)** က ပြောသည်။ **(EMG 140111)** [**Read More...**]

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- စစ်အစိုးရက စစ်မှုမထမ်းအနေရ ဥပဒေပြဋ္ဌာန်းချက်ကြောင့် ပြည်သူများ စိုးရိမ်ပူပန်နေကြသည်။ **(Irrawaddy 100111)** [**Read More...**]
- **Myanmar Egress** အထွေထွေအတွင်းရေးမှူး ဒေါက်တာ နေဝင်းမောင်သည် ဇန်နဝါရီလ ၁၀ ရက်နေ့က မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် လာရောက်တွေ့ဆုံပြီး အဖွဲ့၏လုပ်ငန်းများကို ရှင်းပြခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(DVB 100111)** [**Read More...**]
- လယ်သမား ၃၀၀ ကျော်က ၄င်းတို့ထံမှ သိမ်းထားသည့်လယ်များကို ပြန်လုပ်ခွင့်ပေးရန် ချီတက် တောင်းဆိုခဲ့ပြီး သည့်နောက် ဒဂုံဆိပ်ကမ်း မယကက လယ်သမားများ၏ သဘောထားများ ကောက်ယူ လက်မှတ်ထိုးခိုင်းနေသဖြင့် ကြည်စုရွာမှ လယ်သမား ၃၇ ဦး လက်မှတ်ထိုးပေးလိုက်သော်လည်း ညောင်ပင်ရွာနှင့် သရက်ပင်ညောင်ရွာတို့က



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

မိတ္တူပေးမှ လက်မှတ်ထိုးပေးမည်ဆိုပြီး မရိုးသားသဖြင့် ငြင်းဆန်လိုက်သည်ဟု လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအဖွဲ့မှ ခေါင်းဆောင်တဦးဖြစ်သည့် ဒေါ်ခင်အေးက ပြောသည်။ **(DVB 100111)** Read More...

- စစ်ကိုင်းတိုင်း ကလေးမြို့ရှိ ဝိဇ္ဇာသိပ္ပံ၊ နည်းပညာနှင့် ကွန်ပြူတာ တက္ကသိုလ်များနှင့် မြို့တွင်းသို့ ပြေးဆွဲနေသော ကျောင်းကားများတွင် ကားခကို ပုံမှန် ၁၀၀ ကျပ်ကောက်ခံနေခဲ့ရာမှ ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ကျပ် ၂၀၀ အထိ တိုးမြှင့်ခဲ့ခြင်းကြောင့် ပြန်လည်လျှော့ချပေးရန် တက္ကသိုလ်ကျောင်းသား ၈၀၀ ခန့်က ဇန်နဝါရီ ၁၂ ရက်နေ့တွင် လမ်းလျှောက်ဆန္ဒပြတောင်းဆိုခဲ့ပြီးနောက် အာဏာပိုင်များက လိုက်လျောမှု ပြုလိုက်သည်။ **(Mizzima 120111)** Read More...
- စစ်အစိုးရသတင်းစာတွင် ကြေညာထားသည့် လွှတ်တော် ၃ ရပ်စလုံးနှင့် ဆိုင်သော ဥပဒေနှင့် နည်းဥပဒေ ၁၇ မျိုး စာအုပ်များကို ၂၃၀၀ ကျပ်ဖြင့် စတင်ရောင်းချနေသော်လည်း လိုသလောက်ဝယ်ယူနိုင်ခြင်းမရှိဘဲ လမ်းဘေးအရောင်းဆိုင်များတွင် ၈၀၀၀ နှင့်အထက် ဈေးများဖြင့် မှောင်ခိုဝယ်ယူနေရသည်ဟု စာအုပ်သွားဝယ်ခဲ့သူများက ပြောသည်။ **(VOA 120111)** Read More...
- မင်္ဂလာမြန်မာ လူမှုရေးအဖွဲ့မှ ဒေါက်တာဘုန်းဝင်းနှင့် ဒေါ်ယုဇာမော်ထွန်းတို့သည် ဇန်နဝါရီလ ၁၄ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်ထံ လာရောက်တွေ့ဆုံခဲ့ကာ ရေရှားသည့်ဒေသများတွင် ရေနက်တွင်း တူးဖော်ပေးရလုပ်ငန်းများ အဓိကထားလုပ်ကိုင်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်က ပြောသည်။ **(DVB 140111)** Read More...

နိုင်ငံတကာဆောင်ရွက်မှုများ

## (က) အစိုးရများ

- မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် အကောင်ထည်ဖော်ဆောင်ရေး ဆက်လက် အားပေး ထောက်ပံ့သွားရန်အတွက် ဖိလစ်ပိုင် အထက်လွှတ်တော်အမတ် **Loren Legarda** က ဖိလစ်ပိုင်အစိုးရကို ဇန်နဝါရီ ၉ ရက်နေ့ နေ့စွဲဖြင့် တိုက်တွန်းတောင်းဆိုသည့် ကြေညာချက်တစ်ထုတ်ပြန်လိုက်သည်။ **(RFA 100111)** Read More...
- မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ **US** အနေဖြင့် မည်သည့်နည်းလမ်းများဖြင့် စောင့်ကြည့်နိုင်ရန်အတွက် **US** နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်နှင့် တိုင်ပင်ဆွေးနွေးရန် ရှိသည်ဟု **US** အောက်လွှတ်တော်အမတ် **Joseph Crowley** က ဇန်နဝါရီ ၁၁ ရက်နေ့က မြန်မာ့အရေးလှုပ်ရှားသူများနှင့် တွေ့ဆုံပွဲတွင် ပြောဆိုလိုက်သည်။ **(RFA 120111)** Read More...
- အမေရိကန် ပြည်ထောင်စုတွင် ရွှေ့ပြောင်းနေထိုင်ခွင့် ရထားသည့် မြန်မာနိုင်ငံဖွား တိုင်းရင်းသားများထဲမှ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး **ABSDF** ကို ငွေကြေးပစ္စည်း ကူညီထောက်ပံ့ ပေးဖူးသူများအပေါ် ထိန်းချုပ်ထားသည့်အခွင့်အရေးတချို့ကို အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနက ပြန်လည်ဖွင့်ပေးလိုက်သည်။ **(RFA 120111)** Read More...
- အင်ဒိုနီးရှား နိုင်ငံခြားရေး ဝန်ကြီးဌာန၏ အာစီယံ နိုင်ငံရေးဆိုင်ရာ ညွှန်ကြားရေးမှူးက အာစီယံအနေဖြင့် မြန်မာနိုင်ငံမှာ သက်ဆိုင်သူအားလုံး ပါဝင်နိုင်မည့် အစိုးရသစ်တရပ် ပေါ်ပေါက်ရေးကို အခုနှစ်အတွင်း အပြီးအပြတ် ဖြစ်စေလိုကြောင်း ပြောကြားလိုက်သည်။ **(RFA 150111)** Read More...

## (ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် နှစ်၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် လွှတ်တော်အသစ်၊ အစိုးရသစ်များ ပေါ်ပေါက်လာသော် လည်း အာဏာဖွဲ့စည်းမှုပုံစံ ပြောင်းလဲခြင်းမရှိဖြစ်နေပြီး ထူးခြားမှုတစ်ရပ်သည် လူနည်းစုလူမျိုးစု နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ ပါဝင်လာခြင်းဖြစ်သည်ဟု မြန်မာ့အရေးလေ့လာသူ ပါမောက္ခ ဒေးဗစ်စတိုင်းဘာ့ဂ် **(David Steinberg)** က ပြောသည်။ **(VOA 100111)** Read More...



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

**NDD-** မှတ်တမ်းတင်နှင့်သုတေသနဌာန

- မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်ပြီး လက်ရှိဆိုးရွားလာသည့်အခြေအနေများကြောင့် ကုလသမဂ္ဂ စုံစမ်းရေးကော်မရှင်ဖွဲ့စည်းရေးကို နိုင်ငံပေါင်း ၁၃ နိုင်ငံက အပြည့်အဝထောက်ခံထားသော်လည်း နောက်ထပ်နိုင်ငံများပါ ပိုမိုဝိုင်းဝန်းပံ့ပိုးရန် လိုအပ်သည်ဟု ဗြိတိန်အခြေစိုက် **Burma Campaign UK** အဖွဲ့က တိုက်တွန်းလိုက်ကြောင်း အဖွဲ့ပြောခွင့်ရ မဇိုရာဖန်းက ပြောသည်။ **(KIC 140111)** [Read More...]

---

***End of report/ Saturday, January 15, 2011***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA